# နွေဦးအသံ
the voice of spring

13.4.2021 · Tuesday · No . 8 · Daily News Pamphlet


## နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို သဘာဝဘေးပုဒ်မတခု ထပ်တိုးခဲ့ပြီး လာမည့် ဧပြီ ၂၆ ရက်ကို ရုံးချိန်းသတ်မှတ်၍ အွန်လိုင်းဗီဒီယိုစနစ်ဖြင့် ရုံးထုတ်မည်ဟုသိရ

သတင်းတို

ရင်းမြစ် - အာအက်ဖ်အေ မှ

## မြန်မာနိုင်ငံ၌ ကာလရှည်ကြာပြီး အလွန်အလွန် သွေးကြောင်းစီးမည့် စစ်ပွဲများ ဖြစ်ပေါ်ရန် အခြေအနေများကို တရုတ်က ပြင်ဆင်ဖန်တီး၍ လုပ်ဆောင်နေသည်ဟု အမေရိကန် နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အဖွဲ့တစ်ခုက သုံးသပ်ပြောဆို

သတင်းတို

ရင်းမြစ် - မဇ္ဈိမ မှ

## လိုင်သာယာမြို့နယ်သို့ အဆောင်အပ်ချည်ကြိုးကို လက်တွင်ပတ်၍ သေနတ်ခါးကြားချိတ်ကာ ဆန်နှင့်ဆီ သွားရောက်ပေးအပ်ပွဲပြုလုပ်နေသည့် အာဏာလုအကြမ်းဖက်စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်အား ဆိုရှယ်မီဒီယာပေါ်တွင် တခဲနက်လှောင်ပြောင်နေကြ

သတင်းတို

ရင်းမြစ် - နွေဦးအသံ

# တနိုင်ငံလုံး၌ "တော်လှန်သင်္ကြန်" ဆင်နွှဲ၍ သပိတ်မှောက်ကြမည်

**အကြိုနေ့**တွင် လက်သုံးချောင်းသင်္ကေတ ရေးဆွဲထားသည့်အတာအိုး၌ ပန်းများနှင့် အတူ ကြွေးကြော်သံစာသားများ ထိုးစိုက်ကြပြီး **'အတာအိုး'** သပိတ်၊ **အကျနေ့**တွင် ဆေးအနီများ၊ ဆေးနီရည်များ ဖြန်းပက်ကြ၍ တော်လှန်ရေးသီချင်းများ သီဆိုကြခြင်းဖြင့် **'သွေးမတိတ်'** သပိတ်၊ **အကြတ်နေ့**တွင် ကား၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များ ဟွန်းတီးလှည့်ပတ်ခြင်းဖြင့် **'ကားသပိတ်'**၊ **အတက်နေ့**တွင် ကျဆုံးခဲ့ရသော အာဇာနည်များကို သတိရအောက်မေ့သောအားဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် အနက်ရောင်များ ဝတ်ဆင်ကြကာ **'အသံတိတ်'** သပိတ်၊ နှစ်ဆန်း(၁)ရက်တွင် ပုန်ကန်ထကြွပြီး နှစ်သစ်ကို ကြိုဆိုခြင်းအားဖြင့် **'ပျောက်ကြားသပိတ်'** အစရှိသည့်သပိတ်အသီးသီးတို့ဖြင့် **'တော်လှန်သင်္ကြန်'** ကို ဆင်နွှဲကြမည်ဟု သိရပါသည်။



သတင်းတို

ရင်းမြစ် - GSC မှ

## Flash Strike သပိတ်ကို မြို့(၁၀၀)ကျော်ပြုလုပ်ခဲ့ဟုသိရ

ရင်းမြစ် - မဇ္ဈိမ မှ

## ဂိတ်၌ ရပ်ထားသည့် YBS ကား (၅)စီးခန့် မီးလောင်ကျွမ်းခဲ့

ရင်းမြစ် - ဒီဗွီဘီမှ

## မြန်မာ့အရေး နိုင်ငံတကာ တုန့်ပြန်မှုကို တရုတ်နှင့်ရုရှကန့်လန့်တိုက်နေဟု EU ပြော

သတင်းတို

ရင်းမြစ် - မဇ္ဈိမ မှ

## ပဲခူးရှိ ကျဆုံးပြည်သူများ၏ ရုပ်အလောင်းများကို (၁၂၀၀၀)ကျပ်ဖြင့် စစ်အုပ်စုက ပြန်ရွေးခိုင်းနေ

သတင်းတို

ရင်းမြစ် - အာအက်ဖ်အေ မှ

## CDM ပါဝင်လိုသောတပ်မတော်သားများစွာရှိပြီး မိသားစုဝင်များဖြင့်အကြပ်ကိုင်ခြိမ်းခြောက်ခံနေရ

သတင်းတို

ရင်းမြစ် - မြန်မာနောင်းမှ

## KIA သိမ်းယူထားသည့် အလော့ဘွမ်စခန်းကို အကြမ်းဖက်စစ်အုပ်စုမှ လေယာဉ်ဖြင့်တိုက်ခိုက်နေ

သတင်းတို

ရင်းမြစ် - ဧရာဝတီ မှ

## တမူးမြို့ကို လက်နက်ကြီးများနှင့် ပစ်ခတ်ပြီး ဆေးရုံနှင့်လူနေအိမ်များကိုစီးနင်းအကြမ်းဖက်နေ

သတင်းတို

ရင်းမြစ် - ဘီဘီစီမှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်းမှတ်စု

ဧပြီလ (၁၂) ရက်၊ ၂၀၂၁

www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com

- နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကို သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၅ နှင့် နောက်တမှု ထပ်တိုးတရားစွဲခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်က အမှုလိုက် ရှေ့နေအဖွဲ့နှင့် လူချင်းတွေ့ဆုံခွင့်ပေးဖို့ ထပ်မံတောင်းဆိုခဲ့ကြောင်း၊ ဧပြီ ၂၆ ရက်ကို အွန်လိုင်းဗီဒီယိုစနစ်ဖြင့် ထပ်မံရုံးထုတ်ဖို့ ရုံးချိန်းချိန်းဆိုခဲ့ကြောင်းသိရ။
- အရပ်သားပြည်သူများကို မတရားသဖြင့် ရက်ရက်စက်စက် သတ်ဖြတ်နေခြင်းများကြောင့် CDM တွင် ပါဝင်လိုသော တပ်မတော်သားများရှိနေသော်လည်း မိသားစုဝင်များနှင့် ခြိမ်းခြောက်ကာ အကျပ်ကိုင်ထိန်းချုပ်ထားကြောင်း စစ်တပ်အသိုင်းအဝိုင်းက မီဒီယာအချို့တွင် ထုတ်ဖော်ပြောကြားလာ။
- မနက် ၅ နာရီခန့်၌ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ပန်းပင်ကြီးလမ်းမရှိ YBS 89 ယာဉ်လိုင်းဂိတ်တွင် ရပ်နားထားသော YBS ကား (၅)စီးတိတိ မီးလောင်ခဲ့ပြီး အဆိုပါ နေရာအနီးရှိ မျက်မမြင်ကျောင်းတွင် အကြမ်းဖက်အုပ်စုက ပြီးခဲ့သည့် ရက်များကတည်းက တပ်စွဲထားကြောင်းသိရ။
- ကချင်ပြည်နယ် ဗန်းမော်မြို့၌ အခြေစိုက်သော အကြမ်းဖက်စစ်အုပ်စု၏ အမြောက်တပ်မှ ပစ်ခတ်မှုများကြောင့် ရွှေမောင်းနှင့် ကျေးဟတ်ကျေးရွာရှိ လူနေအိမ်များ ထိမှန်ပျက်စီးပြီး အနည်းဆုံး ရွာသားနှစ်ဦး သေဆုံးခဲ့ရ။
- ရန်ကုန်၊ တာမွေမြို့နယ်ရှိ သီတာလမ်းမှတ်တိုင်အနီး၊ ဗိစ္စမိလ္လာဟ်ဗလီ၌ မော်ဇင်တဦး လက်ပြန်ကြိုး တုတ်လျက် အမျိုးသမီး အဝတ်အစားများ ဝတ်ဆင်စေကာ ကြိုးဆွဲချ သေဆုံးနေသည်ကို တွေ့ခဲ့ရပြီး အများက မိမိကိုယ်ကိုသတ်သေမှုဟု မယုံကြည်ကြ။



- ကချင်ပြည်နယ် မြစ်ကြီးနား-ဗန်းမော် လမ်းပေါ်ရှိ မြို့သစ်၊ တာပိန်မြစ် တံတားစောင့်သည့် အကြမ်းဖက်အုပ်စု၏ ရဲတပ်ရင်းစခန်းကို ဧပြီလ ၁၁ ရက်၊ ညအချိန်၌ KIA က တိုက်ယူသိမ်းပိုက်နိုင်ခဲ့။
- ရန်ကင်းမြို့နယ်ရှိ လူငယ်များက ဒီမိုကရေစီရရှိရေး၊ တရားမျှတမှု ရရှိရေး စာသားများကို ထီးရွက်ပေါ်တွင်ရေး၍ ထီးသပိတ် ပြုလုပ်ခဲ့ကြ။
- ဖားကန့်မြို့ရှိ GZ များက စစ်ကောင်စီအဖွဲ့ဝင် (၅)ဦးအား ပုံနှင့်တကွ ဖမ်းဝရမ်း ထုတ်ပြန်ပြီး မြို့အနှံ့ကပ်ခဲ့ကြ။
- ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့၌ မုန့်လုံးရေပေါ်များဝေ၍ “မုန့်လုံးသပိတ်” ပြုလုပ်ခဲ့ကြ။
- မုံရွာအမြင့်လမ်းဘေးကျေးရွာများရှိ ပြည်သူများနှင့် မုံရွာပင်မသပိတ်စစ်ကြောင်းကို ပြန်လည်ပြုလုပ်ခဲ့ကြ။
- ပြည်တွင်းဖြစ် အားပေးရေးနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေး “ဖရဲသီး” သပိတ်ကိုလည်း မြို့အချို့မှာ ပြုလုပ်ခဲ့ကြ။
- ကချင်ပြည်နယ် မိုးညှင်းမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့၊ မိတ္ထီလာ၊ မန္တလေး-ပြည်ကြီးတံခွန်။ ကသာမြို့။ ဆိုင်းတောင်ကျေးရွာ။ ရေဦးမြို့။ ညောင်လေးပင်-ပြွန်တန်ဆာမြို့တို့၌ ဆိုင်ကယ်သပိတ်ဖြင့် လှည့်လည် ဆန္ဒပြခဲ့ကြ။
- ရောဝတီ- မအူပင်မြို့။ ရန်ကုန်-တောင်ဥက္ကလာပမြို့နယ်၊ရွှေပြည်သာ။ မကွေး-အောင်လံမြို့တို့၌ လူမဲ့သပိတ်ပြုလုပ်ခဲ့ကြ။
- မန္တလေး၊ ရန်ကုန်-သန်လျင်၊ ကချင်ပြည်နယ်-ဖားကန့်၊ ပုသိမ်မြို့တို့၌ ဆင်းရဲချို့တဲ့သော ရပ်ကွက်များသို့ သွားရောက်၍ လိုသူယူ၊ ပိုသူလှူ အစီအစဉ်ဖြင့် စားနပ်ရိက္ခာများ လှည့်လည် လှူဒါန်းခဲ့ကြ။
- မိုးကုတ်-အနောက်ပိုင်း၊ မြင်းခြံ၊ မိတ္ထီလာ၊ ပြည်၊ စစ်ကိုင်းတိုင်း၊ကသာမြို့၊ကလေးမြို့။ ညောင်ဦးမြို့။ ပဲခူးတိုင်း-ကညွတ်ကွင်းမြို့။ ကချင်ပြည်နယ်- မိုးကောင်းမြို့။ မကွေးတိုင်း-နတ်မောက်မြို့၊ စစ်ကိုင်းမြို့။ စစ်ကိုင်း-ကျွန်းလှ၊ ဒီပဲယင်း။ ဆားလင်းကြီး၊ ကံကုန်းရွာ။ ထားဝယ်-ကံပေါက်ရွာ။ လှိုင်ကော်-နာနတ်တော။ ပဲခူးမြို့။ ရှမ်းပြည်မြောက်-ကျောက်မဲမြို့။ သဲကုန်းမြို့။ မုံရွေး-ကြေးမုံ။ရန်ကုန်-လှိုင်၊ ပုဇွန်တောင်၊တာမွေ၊ တောင်ဥက္ကလာ။ မန္တလေး-တပ်ပေါင်းစု၊ မြတောင်သပိတ်၊ အောင်ပင်လယ်၊ ချမ်းမြသာစည်၊ အမရပူရ မြို့အသီးသီး၌ စစ်ကြောင်းကြီးများချီတက်ကာ ဆန္ဒပြခဲ့ကြဟု သိရ။

ရင်းမြစ် – ခေတ်သစ်၊ရောဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၁၂)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၁၀ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၃၀၀၀ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၆၉၇ ဦး

ရင်းမြစ် – အေအေပီပီမှ




ဧပြီ ၁၁ ရက်တွင် ကရင်ပြည်နယ်၊ ဘုရားသုံးဆူမြို့ရှိ သံဖြူဇရပ်၊ ကြားအင်းဆိပ်ကြီးလမ်းဆုံကို တွေ့ရစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

ညှိ
စာရင်း
တိုင်
မယ်ဆို
CDM
တွေကို
အားနာပါ

နွေဦးအသံ
the voice of spring